# ကရင်နီပြည်နယ်၊ ရှားတောမြို့နယ် (တောင်ပိုင်း)၊ စုစည်းရွာမှ အမျိုးသမီး၊ မသန်စွမ်းနှင့် အသက်မပြည့်သေးသည့် ကလေးငယ်များအပါအဝင် စစ်ဘေးရှောင်ပြည်သူ (၇) ဦးကို အကြမ်းဖက်စစ်အုပ်စုက ဖမ်းဆီး၍ (၆) ဦး အား အစုလိုက်အပြုံလိုက် ပစ်ခတ်သတ်ဖြတ်ခဲ့သည့်ဖြစ်စဉ်

ဖေဖော်ဝါရီလ (၄) ရက်၊ ၂၀၂၄ ခုနှစ်

# ဖြစ်စဉ်အကျဉ်း

ဖေဖော်ဝါရီလ ၄ ရက် ညနေပိုင်းတွင်

01

ရှားတောမြို့နယ်ဘက်သို့ အကြမ်းဖက်စစ်အုပ်စုမှ အင်အား (၆၀)ခန့်ဖြင့် စစ်ကြောင်းထိုးဝင်ရောက်လာပြီး စုစည်းရွာတောင်ပိုင်းမှ စစ်ဘေးရှောင်ပြည်သူ(၇)ဦးကို လက်ပြန်ကြိုးတုတ်ကာ ဖမ်းဆီးခေါ်ဆောင်သွားခဲ့။ ဖမ်းဆီးခံရသူများတွင် အမျိုးသားတဦး၊ ကိုယ်ဝန်ဆောင်အမျိုးသမီး၊ မသန်စွမ်း နှင့် အသက်မပြည့်သေးသည့် ကလေးငယ်များ ပါဝင်ပြီး ထိုအထဲတွင် သားအမိ ၂ တွဲနှင့် မြေးအဖွား တတွဲ၊ စုစုပေါင်း (၇) ဦးပါဝင်ခဲ့။

ဖေဖော်ဝါရီလ ၅ ရက် နေ့ မနက် (၉) နာရီ ကျော်ခန့်တွင်


02

တောတွင်းတနေရာ၌ ဖမ်းဆီးခံရသူများအား အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံထားရသည့် ရုပ်အလောင်းများကို တွေ့ရှိခဲ့ရ။ ကလေးငယ်တဦးမှာ အသက်ရှင်နေသေးရာ ဆေးကုသနိုင်ရန် ကြိုးစားခဲ့သော်လည်း ကလေးငယ်၏ သေနတ်ဒဏ်ရာမှာ ပြင်းထန်လွန်းသဖြင့် ကယ်ဆယ်နိုင်ခြင်း မရှိဘဲ လမ်းတွင်သေဆုံးခဲ့။

**နောက်ဆက်တွဲအခြေအနေ**

03

ဖမ်းဆီးခံရသူများထဲမှ အမျိုးသားတဦးမှာ လက်ပြန်ကြိုးတုတ်အနေအထားဖြင့် ထွက်ပြေးလွတ်မြောက်လာခဲ့။ သတ်ဖြတ်ခံရသူများမှာ အကြမ်းဖက်စစ်အုပ်စု၏ ခလရ-၂၄၉ မှ တပ်ရင်းမှူး၏ အမိန့်ပေးခိုင်းစေချက်ဖြင့် ပစ်သတ်ခံရခြင်းဖြစ်ကြောင်း ထွက်ပြေးလွတ်မြောက်လာသူ၏ ထွက်ဆိုချက် အရသိရှိ။




# ကျူးလွန်သည့်သူများ

အကြမ်းဖက်စစ်အုပ်စုလက်အောက်ခံ ခလရ-၂၄၉ တပ်ရင်းမှူး ၏ အမိန့်ပေး ခိုင်းစေချက်ဖြင့် အင်အား(၆၀)ခန့်ရှိ အကြမ်းဖက်စစ်သား များ


ဖြစ်ပွားသည့် နေရာ


**ကျူးလွန်ခံရသည့်သူများ( အရပ်သားပြည်သူ ၇ ဦး) ၆ ဦး သေဆုံး**

ကိုယ်ဝန်ဆောင် အမျိုးသမီး၊ မသန်စွမ်းနှင့် အသက်မပြည့်သေးသည့် ကလေးငယ်များအပါအဝင် စစ်ရှောင်ပြည်သူ (၇) ဦးအား ဖမ်းဆီး၍ (၆) ဦးအား အစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့။

# အကြမ်းဖက်စစ်အုပ်စုကြောင့် အစုလိုက်အပြုံလိုက်သတ်ဖြတ်ခံရသည့် ပြည်သူများစာရင်း

| စဉ် | အမည် | အသက် | လိင် | ကျေးရွာ | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | ဒေါ်မဲမို | ၃၃ နှစ် | မ | စုစည်းရွာ | ကိုယ်ဝန်သည် |
| ၂။ | ခူးလိရယ်(ခ)ခူးတိုးရယ် | ၃ နှစ် | ကျား | စုစည်းရွာ | ဒေါ်မဲမို၏သား |
| ၃။ | ဒေါ်လော်မယ် | ၄၅ နှစ် | မ | စုစည်းရွာ | မသန်စွမ်း |
| ၄။ | ခူးဘော်ရယ် | ၅ နှစ် | ကျား | စုစည်းရွာ | ဒေါ်လော်မယ်၏သား |
| ၅။ | ဒေါ်စိုးမယ် | ၅၀ နှစ် | မ | စုစည်းရွာ | - |
| ၆။ | နန်းခင်(ခ)မော်အော့မယ် | ၇ နှစ် | မ | စုစည်းရွာ | ဒေါ်စိုးမယ်၏မြေး |




မြေပြင်မှအချက်အလက်များကို ကောက်ယူ၍ ဖော်ပြခြင်းဖြစ်သည်။



## အကြမ်းဖက်စစ်အုပ်စုကြောင့် သေဆုံးသည့် ပြည်သူများ၏ သက်သေမှတ်တမ်း ဓာတ်ပုံများ







# MASSACRE OF JUNTA